**CONSULATE GENERAL OF THE REPUBLIC OF THE UNION OF MYANMAR**
**NEW YORK**

TEL:744-1271,FAX:744-1290
E-MAIL: myanmarmission@verizon.net

10 EAST 77th STREET
NEW YORK, N.Y. 10075

# အသိပေးကြေညာခြင်း

၁။ ၂၀၁၉ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် နဝမအကြိမ်ပုံမှန်အစည်းအဝေး တတိယနေ့တွင် လာသာမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးဇော်ဝင်းနိုင်က “**အများပြည်သူများသို့လွှဲအပ် ကိုင်ဆောင်ထားရှိသော Notary General Power, Special Power များဖြင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို အရောင်းအဝယ်ပြုလုပ်ခြင်းသည် ဥပဒေနှင့် ညီညွတ်မှု ရှိ-မရှိ**” မေးမြန်းခဲ့ပါသည်။

၂။ ထိုသို့မေးမြန်းခဲ့ခြင်းနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဒေါ်ခင်မျိုးကြည်က “**မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို အရောင်းအဝယ်ပြုလုပ်ရာတွင် ကိုယ်စားလှယ်လွှဲစာ လွှဲအပ်သည့် အချိန်က နေထိုင်သည့်စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိ ရှေ့မှောက်တွင် ကိုယ်စားလှယ်လွှဲစာရရှိသူကဖြစ်စေ၊ ကိုယ်စားလှယ်လွှဲသူသည် မြန်မာနိုင်ငံပြင်ပတွင် နေထိုင်၍ ကိုယ်စားလှယ်လွှဲစာကို ပြည်ပ၌ ပြုလုပ်ခဲ့ပြီးလာရောက် မှတ်ပုံတင်ခြင်းဖြစ်ပါက သက်ဆိုင်ရာနိုင်ငံရှိ မြန်မာနိုင်ငံသံရုံး၊ သံအရာရှိတစ်ဦးဦး၏ ထပ်ဆင့်ထောက်ခံချက် သို့မဟုတ် ယင်းအရာရှိ၏ ရှေ့တွင်ပြုလုပ်ထားသည့် ကိုယ်စားလှယ်လွှဲစာရရှိသူကဖြစ်စေ တည်ဆဲဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ အရောင်းအဝယ် ပြုလုပ်ပြီး ယင်းစာချုပ်စာတမ်းကို မှတ်ပုံတင်ပါက ဥပဒေနှင့်ညီညွတ်မှုရှိမည်ဖြစ်ပါကြောင်း**” ပြန်လည်ဖြေကြားခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ နယူးယောက်မြို့၏ ကောင်စစ်နယ်မြေများဖြစ်သည့် နယူးယောက်၊ နယူးဂျာဇီ၊ ကွန်နက်တီကပ် ပြည်နယ်များနှင့် ဂျမေကာနိုင်ငံတို့တွင် တရားဝင်နေထိုင်ခွင့် (ခိုလှုံခွင့်မပါ)ဖြင့် သက်တမ်းရှိ မြန်မာနိုင်ငံကူးလက်မှတ်ကိုင်ဆောင်၍ နေထိုင်လျက်ရှိကြသည့် မြန်မာနိုင်ငံသားများအနေဖြင့် အထက်ဖော်ပြပါအချက်အား သိရှိနိုင်လိုက်နာနိုင်ပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။ အမေးအဖြေအပြည့်အစုံကိုပူးတွဲဖော်ပြထားပါသည်။

ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး
နယူးယောက်မြို့
ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်။

ရန်ကုန်တိုင်းဒေသကြီး
လွှတ်တော်

ရန်ကုန်၊ ဇွန်လ၊ ၂၀ ရက်၊ ၂၀၁၉

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့တွင် လသာမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းနိုင် က “**အများပြည်သူတို့ လွှဲအပ်ကိုင်ဆောင်ထားရှိသော Notary General Power, Special Power များဖြင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို အရောင်း အဝယ်ပြုလုပ်ခြင်းသည် ဥပဒေနှင့် ညီညွတ်မှု ရှိ/မရှိ** ” မေးမြန်းရာ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဒေါ်ခင်မျိုးကြည်က “မြန်မာနိုင်ငံရှိ ဒေသ အချို့ တို့တွင်နိုတြီပဗ္ဗလစ်ကချုပ်ဆိုပေးသော General Power , Special Power များဖြင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို အရောင်းအဝယ်ပြုလုပ်ရာ၌ တံဆိပ်ခေါင်းခွန် မထမ်းဆောင်သကဲ့သို့ စာချုပ်စာတမ်းကိုလည်း မှန်ပုံတင်မှုမရှိကြောင်း၊ ယင်းစာချုပ်စာတမ်းများမှ ဥပဒေအရ တရားဝင်မှုမရှိကြောင်း၊ နိုတြီပဗ္ဗလစ်သည် စာချုပ်စာတမ်းသက်သေခံ အရာရှိ၊ စာချုပ်စာတမ်းဆိုင်ရာရှေ့နေ၊ စာချုပ်စာတမ်းမှန်ကန်ကြောင်း သက်သေခံတံဆိပ်ရိုက်နှိပ်သည့် အရာရှိဖြစ်ပြီးယင်းကို လွှဲပြောင်း နိုင်သောစာချုပ်စာတမ်းများ အက်ဥပဒေ ပုဒ်မ ၁၃၈ အရ ပြည်ထောင်စုတရားလွှတ်တော် တရားသူကြီးချုပ်က ခန့်အပ်ခြင်းဖြစ်ပါကြောင်း၊ နိုတြီပဗ္ဗလစ်သည် လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ စာချုပ်စာတမ်းများနှင့် စပ်လျဉ်း၍ မိမိရှေ့မှောက်တွင်ချုပ်ဆိုသော ကိုယ်စားလှယ်လွှဲစာကို ဘာသာပြန်ဆို၍ မှန်ကန်ကြောင်း လက်မှတ် ရေးထိုးပေးခြင်း၊ စာရွက်စာတမ်း တစ်စုံတစ်ရာကို ဘာသာပြန်ဆို၍ မှန်ကန်ကြောင်းလက်မှတ် ရေးထိုးပေးခြင်း၊ ကတိစာချုပ်များ၊ သေတမ်းစာများကို သက်ဆိုင်ရာကာယကံရှင်များက မိမိရှေ့မှောက်တွင် ချုပ်ဆိုလက်မှတ်ရေးထိုးခြင်းနှင့် စပ်လျဉ်း၍ မှန်ကန်ကြောင်း လက်မှတ်ရေးထိုး ပေးခြင်းစသည်တို့ကို ပြုလုပ်ရပါကြောင်း၊ နိုတြီ ပဗ္ဗလစ်က တံဆိပ်ရိုက်နှိပ်ထားပြီး တာဝန်ခံကြောင်း သက်သေခံချက် တစ်ရပ်ရပ်ပါရှိသည့် စာတမ်း အမှတ်အသားသည် သက်သေခံ အက်ဥပဒေပုဒ်မ ၇၈ (၆) အရ အများပြည်သူတို့နှင့် သက်ဆိုင်သော စာရွက်စာတမ်းများအဖြစ် သက်သေထင်ရှား ပြနိုင်ပါကြောင်း ၊ ထို့ပြင် နိုတြီပဗ္ဗလစ်၏ ရှေ့မှောက်တွင်ချုပ်ဆို၍ ယင်းကမှန်ကန်ကြောင်း တာဝန်ခံလက်မှတ်ရေးထိုးပေးထားသော ကိုယ်စားလှယ်သည် သက်သေခံအက်ဥပဒေပုဒ်မ ၈၅ အရ သက်သေခံဝင်ပါကြောင်း၊ စာချုပ်စာတမ်းများ မှတ်ပုံတင် ဥပဒေပုဒ်မ ၃၀၊ ပုဒ်မခွဲ (ဂ)အရ ကိုယ်စားလှယ်လွှဲစာရရှိသူများသည် မြန်မာနိုင်ငံအတွင်းနေထိုင်ပါက လွှဲအပ်သည့်အချိန်တွင် နေထိုင်သည့် မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်စာတမ်း မှတ်ပုံ တင်အရာရှိ သို့မဟုတ် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး (သက်ဆိုင်ရာ မြို့နယ် စာချုပ်

စာတမ်းမှတ်ပုံတင်အရာရှိ) ရှေ့မှောက်တွင် ကိုယ်စားလှယ်လွှဲအပ်ကြောင်း လက်မှတ်ရေးထိုး၍ သက်သေခံလက်မှတ်ရေးထိုးထားသည့် ကိုယ်စားလှယ်လွှဲစာ ရရှိထားသူဖြစ်ရပါမည်၊ ကိုယ်စားလှယ်လွှဲသူသည် **မြန်မာနိုင်ငံပြင်ပတွင်နေထိုင်၍ ကိုယ်စားလှယ်လွှဲစာကို ပြည်ပ၌ ပြုလုပ်ခဲ့ပြီး လာရောက်မှတ်ပုံတင်ခြင်းဖြစ်ပါက သက်ဆိုင်ရာ နိုင်ငံရှိ မြန်မာနိုင်ငံသံရုံး၊ သံအရာရှိ တစ်ဦးဦး၏ ထပ်ဆင့်ထောက်ခံချက် သို့မဟုတ် ယင်းအရာရှိရှေ့တွင် ပြုလုပ်ထားသည့် ကိုယ်စားလှယ်လွှဲစာရရှိသူများသည် စာချုပ်စာတမ်းများကို မှတ်ပုံတင်ခွင့်ရှိကြောင်း တွေ့ရပါကြောင်း၊ သံအရာရှိများ နှင့် ကောင်စစ်ဝန်အရာရှိများ (ကျမ်းသစ္စာများနှင့် အခကြေးငွေများ) အက်ဥပဒေပုဒ်မ ၃ အရ သံအရာရှိ သို့မဟုတ် ကောင်စင်ဝန်အရာရှိတို့သည် ပြည်ပနိုင်ငံများ၌ နိုတြီပဗ္ဗလစ် အရာရှိဆောင်ရွက် နိုင်သောကိစ္စများကို ဆောင်ရွက်နိုင်ကြောင်း တွေ့ရပါကြောင်း၊ စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေပုဒ်မ ၁၈(က)နှင့် ပုဒ်မ ၁၈(ခ)အရ စာချုပ်စာတမ်းများကို မြန်မာစာဖြင့် ရေးသားရမည်ဖြစ်ပြီး မြန်မာစာဖြင့် ရေးသားခြင်းမဟုတ်လျှင် နိုတြီပဗ္ဗလစ်က မှန်ကန်ကြောင်း လက်မှတ်ရေးထိုးထားသည့် ဘာသာပြန်ဆိုချက်ကို ပူးတွဲတင်ပြရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရသဖြင့် စာချုပ်စာတမ်းကို မှတ်ပုံတင်သည့်အခါ မြန်မာစာဖြင့် ရေးသားထားသော စာချုပ်မဟုတ်လျှင် နိုတြီပဗ္ဗလစ်က ဘာသာပြန်ပြီး မှန်ကန်ကြောင်း လက်မှတ်ရေးထိုးထားသည် စာချုပ်စာတမ်းကို တင်ပြရမည်ဖြစ်ပါ ကြောင်း၊** စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေပုဒ်မ ၁၆ တွင် စာချုပ်စာတမ်းများကို မှတ်ပုံမတင် မနေရ စာချုပ်စာတမ်းများနှင့် ပုဒ်မ ၁၇ တွင် မှတ်ပုံတင်လိုက တင်နိုင်သော စာချုပ်စာတမ်း များဟူ၍ ဖော်ပြထားရာ တန်ဖိုးကျပ် တစ်သိန်းနှင့်အထက်ရှိသော မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို ရောင်းချရာတွင် မလွဲမသွေမှတ်ပုံတင်ရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၄ အရတန်ဖိုးငွေကျပ် တစ်သိန်းနှင့်အထက် တန်ဖိုးရှိသော မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို ရောင်းချပါက မှတ်ပုံတင်ရမည်ဖြစ်ပါကြောင်း၊ စာချုပ်စာတမ်း မှတ်ပုံတင် ဥပဒေပုဒ်မ ၂၅ အရ မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့် သက်ဆိုင်သည့် စာချုပ်စာတမ်းများကို ပစ္စည်းတည်ရှိရာ အရပ်ဒေသရှိ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်ရမည် ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို အရောင်းအဝယ်ပြုလုပ်ရာတွင် ကိုယ်စားလှယ်လွှဲစာလွှဲအပ်သည့်အချိန်က နေထိုင်သည့် စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိ ရှေ့မှောက်တွင် ကိုယ်စားလှယ်လွှဲစာရရှိသူကဖြစ်စေ၊ ကိုယ်စားလှယ်လွှဲသူသည် မြန်မာနိုင်ငံပြင်ပတွင် နေထိုင်၍ ကိုယ်စားလှယ်လွှဲစာကို ပြည်ပ၌ ပြုလုပ်ခဲ့ပြီးလာရောက် မှတ်ပုံတင်ခြင်း ဖြစ်ပါ သက်ဆိုင်ရာ နိုင်ငံရှိ မြန်မာနိုင်ငံသံရုံး၊ သံအရာရှိတစ်ဦးဦး၏ ထပ်ဆင့်ထောက်ခံချက် သို့မဟုတ် ယင်းအရာရှိ၏ ရှေ့တွင်ပြုလုပ်ထားသည့် ကိုယ်စားလှယ် လွှဲစာရရှိသူက ဖြစ်စေ တည်ဆဲဥပဒေပါ သတ်မှတ်ချက် များနှင့်အညီ အရောင်းအဝယ်ပြုလုပ်ပြီး ယင်းစာချုပ်စာတမ်းကို မှတ်ပုံတင်ပါက ဥပဒေနှင့် ညီညွတ်မှုရှိမည်ဖြစ်ပါကြောင်း၊ မေးမြန်းသည့်မေးခွန်းမှာ အများပြည်သူတို့ လွှဲအပ်ကိုင်ဆောင်ထား ရှိသော Notary General Power, Special Power များဖြင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို အရောင်း အဝယ်ပြုလုပ်ခြင်းသည် ဥပဒေနှင့် ညီညွတ်မှု ရှိ/မရှိ

မေးခွန်းကိုဖြေကြားခြင်းဖြစ်ပြီး ကိုယ်စားလှယ်ကြီးရှင်းပြသည့် နိုင်ငံခြားကိုထွက်ခွာသွားတဲ့ General Power ၊နိုတြီရှေ့တွင် လွှဲလို့ရပါကြောင်း၊ သို့သော် ထို Power နှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို ရောင်းချ၍ မရပါကြောင်း” ပြန်လည်ဖြေကြားခဲ့ပါသည်။ ဆက်စပ်မေးခွန်းအနေဖြင့် ပြည့်ပြည့်စုံစုံ ဖြေကြား ပေးသွားတဲ့ဥပဒေချုပ်ကြီး၏ ဖြေကြားချက်ကို သက်ဆိုင်ရာတရားရုံးများ ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စာအုပ်စာတမ်းဆိုင်ရာ မှတ်ပုံတင်ရုံးများကို ဥပဒေချုပ်ကြီးရဲ့ ဖြေကြားချက်ကို ဖြန့်ဝေပေးရန် အစီအစဉ်ရှိ/မရှိသိလိုပါကြောင်းမေးမြန်းရာ ဥပဒေချုပ်ကြီးက စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ Website တွင် လုပ်ထုံးလုပ်နည်းများကို ကြည့်ရှုရာတွင် မရွှေ့မပြောင်း နိုင်သော ပစ္စည်းကို ရောင်းချမည်ဆိုပါက နိုတြီဖြင့်ပြုလုပ်ထားသော General Power ၊ နိုတြီ ဖြင့် ပြုလုပ်ထားသော Special များကိုလက်ခံဆောင်ရွက်ပေးခြင်းမရှိကြောင်းကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ဖြေကြားချက်ကို တရားရုံးဖြစ်စေ၊ စာချုပ်စာတမ်းရုံးကိုဖြစ်စေ ဖြန့်ဝေရန် မလိုဘဲ ၎င်းတို့ကိုယ်တိုင်ဖြန့်ဝေထားသည်ကို တွေ့ရှိရပါကြောင်း၊ တရားရုံးကလည်း အားလုံးသိရှိပြီးတဲ့ ဥပဒေတစ်ရပ်ဖြစ်ပါကြောင်း၊ စာချုပ်စာတမ်းဥပဒေ၊ မှတ်ပုံတင်ဥပဒေများသည် ၂၀၁၈ ခုနှစ်မှာ ပြဋ္ဌာန်းထားတဲ့ စာချုပ်စာတမ်းဥပဒေဖြစ်ပါကြောင်း၊ ယခင်ဥပဒေတွင် General Power နှင့် မရွှေ့မပြောင်းနိုင်တဲ့ ပစ္စည်းကို မှတ်ပုံတင်လျှင် မှတ်ပုံတင်ရုံးက လက်ခံမည် မဟုတ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

**<u>မူရင်း link များ</u>**

(က) ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် Facebook
https://www.facebook.com/ygnhluttaw/posts/2378635212462277

(ခ) ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်၏ Website
http://yangon.hluttaw.mm